# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တတိယအကြိမ် အမျိုးသားလွှတ်တော်

## ပထမပုံမှန်အစည်းအဝေး

## နှင့်

## ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ

## အစုအဖွဲ့အစည်းအဝေး

## ဆုံးဖြတ်ချက်များ

---

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်မှ

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်အထိ

( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်မှ

၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်အထိ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်မှ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် (ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်) အထိ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး နှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတို့က အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်လိုက်သည်-

## ရွေးကောက်တင်မြှောက်ခြင်း

**ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၁-၁/၂၀၂၆။ သဘာပတိတင်မြှောက်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဒေါ်ဒွဲဘူ အား အမျိုးသားလွှတ်တော် သဘာပတိ အဖြစ် တင်မြှောက်သည်။

**ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၂-၁/၂၀၂၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးအောင်လင်းဒွေး အား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်သည်။

**ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၃-၁/၂၀၂၆။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးဂျဲန်ဖန်နော်တောင် (ခ) ဦးနော်တောင် အား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်သည်။

**ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၄-၁/၂၀၂၆။ နိုင်ငံတော်သမ္မတအရည်အချင်း စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦး ရွေးချယ်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်) တွင် ကျင်းပသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့၌ ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂) ဦးလှသိန်းအား နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်သည်။

**ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၅-၁/၂၀၂၆။ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်) တွင် ကျင်းပသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့၌ ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) ဒေါ်နန်းနီနီအေး အား ဒုတိယ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

# အတည်ပြုခြင်း

**အတည်ပြုခြင်းအမှတ် ၁-၁/၂၀၂၆။** **ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ ဥပဒေကြမ်း ကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းရန် တင်ပြချက်ကိုလည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၂-၁/၂၀၂၆။** **ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ ပြည်သူ့ငွေစာရင်း ကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းရန် တင်ပြချက်ကိုလည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၃-၁/၂၀၂၆။** **လွှတ်တော် အခွင့်အရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ လွှတ်တော်အခွင့်အရေး ကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းရန် တင်ပြချက်ကိုလည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၄-၁/၂၀၂၆။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းရန် တင်ပြချက်ကို လည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း အတည်ပြုသည်။

# ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်းအမှတ် ၁-၁/၂၀၂၆။ ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| ၁။ | ဒေါ်နွယ်နွယ်ဦး | ရောဝတီတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးဇင်မင်းထက် | ပဲခူးတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |
| ၃။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၄။ | ဦးရှားရယ် | ကယားပြည်နယ်<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၅။ | ဦးသန်းထွန်း | ရခိုင်ပြည်နယ်<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| ၆။ | ဒေါ်ဇင်ပပဦး | ရောဝတီတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၇။ | ဦးခိုင်ဝင်းအောင် | ရောဝတီတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၈။ | ဦးဟိန်းမင်းဦး | မန္တလေးတိုင်းဒေသကြီး မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| ၉။ | ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၅) | အဖွဲ့ဝင် |
| ၁၀။ | ဦးအေးပိုင် | ရန်ကုန်တိုင်းဒေသကြီး မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၁၁။ | ပီကျိန်ငိုက်မန် | ချင်းပြည်နယ် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၂။ | ဦးစိုးကြည် | တနင်္သာရီတိုင်းဒေသကြီး အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ်မြင့်သောင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီးလှိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဗိုလ်ကြီးဒေါ်ဖြိုးဖြိုးဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

**ဖွဲ့စည်းခြင်းအမှတ် ၂-၁/၂၀၂၆။ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ ပြည်သူ့ငွေစာရင်း ကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| ၁။ | ဦးချစ်ဆွေ | ဧရာဝတီတိုင်းဒေသကြီး အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| ၂။ | ဦးသန်းအောင် | တနင်္သာရီတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |
| ၃။ | ဒေါ်သိင်္ဂီဝင်းရွှေ | စစ်ကိုင်းတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၄။ | ဒေါ်မီမီကျော်ထွန်း | ကချင်ပြည်နယ်<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၄) | အဖွဲ့ဝင် |
| ၅။ | ဦးချစ်ဝေ | ကရင်ပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၆။ | ဦးဗိုလ်သိန်းနိုင် | မန္တလေးတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၇။ | ဒေါ်အေးချမ်းမုံ | မွန်ပြည်နယ်<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၈။ | ဦးကျော်ကျော်လင်း(ခ)<br>ဦးထိန်လင်း | မွန်ပြည်နယ်<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၉။ | ဒေါ်ထားထားနု | ပဲခူးတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| ၁၀။ | ဦးအောင်ကျော်မင်း | ဧရာဝတီတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၄) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၁။ | ဦးဇော်ဇော်မြင့် | ရခိုင်ပြည်နယ်<br>အမျိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၁၂။ | ဒေါ်စိုးစိုးမြင့် | မွန်ပြည်နယ်<br>အမျိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၃။ | ခွန်ဝင်းဦး | ကရင်ပြည်နယ်<br>အမျိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးချုပ်ဝင်းကိုကို | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဗိုလ်မှူးကြီးဖြိုးမင်းဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

**ဖွဲ့စည်းခြင်းအမှတ် ၃-၁/၂၀၂၆။ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ လွှတ်တော်အခွင့်အရေး ကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| ၁။ | ဦးဂျဲန်ဖန်နော်တောင်(ခ)<br>ဦးနော်တောင် | ကချင်ပြည်နယ်<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်တင်မြင့် | ဧရာဝတီတိုင်းဒေသကြီး<br>အမျိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |
| ၃။ | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ်<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၄။ | ဦးရဲမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၄) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၅။ | ဦးတင့်ဇော် | ရန်ကုန်တိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| ၆။ | ဦးခင်ဇော်ထွန်း | ကရင်ပြည်နယ်<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၇။ | ဒေါ်နီနီမာ | ပဲခူးတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၈။ | ဦးကျော်တင် | မန္တလေးတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၉။ | ဦးသိန်းဇော် | ပဲခူးတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၀။ | ဦးအောင်မင်းနိုင် | ချင်းပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၁။ | ဦးခင်မောင်ဌေး | မကွေးတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၂။ | ဒေါ်မြမြသက် | ရခိုင်ပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၃။ | စိုင်းဝင်းခိုင် | ရှမ်းပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၄။ | ဗိုလ်ချုပ်ကျော်သူရအေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဗိုလ်မှူးကြီးစိုးရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

**ဖွဲ့စည်းခြင်းအမှတ် ၄-၁/၂၀၂၆။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| ၁။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးရန်နိုင်ဦး | ရန်ကုန်တိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |
| ၃။ | ဒေါ်ခင်ရွှေမြင့်(ခ)<br>ဒေါ်နှောင်းထွေး | ပဲခူးတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၅) | အဖွဲ့ဝင် |
| ၄။ | ဦးအောင်စိုး | ပဲခူးတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၅။ | ဒေါ်ကျော့ယဉ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| ၆။ | ဦးကျော်စိန်လှ | ရခိုင်ပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၇။ | ဒေါ်ယဉ်မင်းထိုက် | မွန်ပြည်နယ်<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၈။ | ဦးဖြိုးဝေလင်း | ပဲခူးတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၉။ | ဦးခင်မောင်တင့် | ရန်ကုန်တိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| ၁၀။ | ဦးအောင်သီဟ | ရန်ကုန်တိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၅) | အဖွဲ့ဝင် |
| ၁၁။ | ဦးခင်မောင်သန်း | မကွေးတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၁၂။ | ဦးဇော်မင်းထူး | ကယားပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၃။ | စောမြတ်ထွဋ်ဝင်း(ခ)<br>ကိုဆွိ | ကရင်ပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးချုပ်အောင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

# မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၁-၁/၂၀၂၆။ သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ အမျိုးသားလွှတ်တော် သဘာပတိအဖြစ် တင်မြှောက်ခြင်းခံရသော ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဒေါ်ဒွဲဘူ သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၂-၁/၂၀၂၆။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၃-၁/၂၀၂၆။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၁၃ ဦးရှိပြီး အစည်းအဝေးသို့ ၂၁၃ ဦး တက်ရောက်သည့်အတွက် ရာနှုန်းပြည့်ဦးရေ တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၄-၁/၂၀၂၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးအောင်လင်းဒွေး သည် သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅-၁/၂၀၂၆။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးဂျဲန်ဖန်နော်တောင် (ခ) ဦးနော်တောင် သည် သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၆-၁/၂၀၂၆။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၁၃ ဦး ရှိပြီး အစည်းအဝေးသို့ ၂၁၃ ဦး တက်ရောက်သည့်အတွက် ရာနှုန်းပြည့်ဦးရေ တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၇-၁/၂၀၂၆။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်၂၁၃ ဦး ရှိပြီး အစည်းအဝေးသို့ ၂၁၃ ဦး တက်ရောက်သည့်အတွက် ရာနှုန်းပြည့်ဦးရေ တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈-၁/၂၀၂၆။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ၁၅၇ ဦး ရှိပြီး အစည်းအဝေးသို့ ၁၅၇ ဦး စုံညီစွာ တက်ရောက်၍ ခွင့်မဲ့ ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉-၁/၂၀၂၆။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅၇ ဦး ရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ နှစ်ဦးရှိ၍ ခွင့်မဲ့ ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၀-၁/၂၀၂၆။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၁၃ ဦး ရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

နှစ်ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၁-၁/၂၀၂၆။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ ပေးပို့လာသော အောက်ဖော်ပြပါ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်သည်-

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာကျောင်းလီကျဲ ထံမှ ပေးပို့သည့် သဝဏ်လွှာ၊
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စ ဗယ်လင်တီနာ မက်ဗီယန်ကို ထံမှ ပေးပို့သည့် သဝဏ်လွှာ၊
- ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ကောင်စီ(အထက်လွှတ်တော်) ဥက္ကဋ္ဌ မစ္စ နာတာလီယာ ကိုချာနိုဗာ ထံမှ ပေးပို့သည့် သဝဏ်လွှာ၊
- မြန်မာနိုင်ငံဆိုင်ရာရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ် ထံမှ ပေးပို့သည့် သဝဏ်လွှာ။

# တင်ပြခြင်း

**တင်ပြခြင်းအမှတ် ၁-၁/၂၀၂၆။ ဥပဒေကြမ်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဥပဒေကြမ်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

**တင်ပြခြင်းအမှတ် ၂-၁/၂၀၂၆။ ပြည်သူ့ငွေစာရင်း ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ပြည်သူ့ငွေစာရင်း ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

**တင်ပြခြင်းအမှတ် ၃-၁/၂၀၂၆။ လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ လွှတ်တော်အခွင့်အရေး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

**တင်ပြခြင်းအမှတ် ၄-၁/၂၀၂၆။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။



အောင်လင်းဒွေး

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်